နိုးနိုးစာပေ

# အကြည်တော်



# အခန်း(၁)

''အမ်းမရေ''

စကားမပီကလာပီကလာ ကလေးက သူ့အစ်မကို ခေါ်တဲ့ အသံပါ။

အစ်မကို အစ်မလို့ ပီပီသသမခေါ်နိုင်တဲ့ ကလေးရဲ့ မြည်သံ စွဲ ခေါ်သံတစ်ခုပေါ့။ ဝါး…ချစ်စရာကောင်းလိုက်တာ။

အဲဒီ ကလေးရဲ့ အမ်းမဆိုတဲ့ မြည်သံစွဲခေါ်သံကို ချစ်လွန်း လို့ ကျန်တဲ့မိဘဆွေမျိုးသားသမီးများက စပြီးခေါ်တွင်ပါတော့တယ်။

''အမ်းမရေ''

အဲဒီ လိုအသံလေး ကြားတော့ ချစ်သွားပြီလား။

လွန်စွာအမြင်ကပ်စရာ ကောင်းပါတယ်။ဘာလို့လဲဆိုတော့ အဲဒီ အမ်းမဆိုတာ ကျွန်တော့်ယောက္ခမ ဒေါ်ခြူကြီးကို ခေါ်တာမို့ပါ။

အားလုံးလည်းသိကြပါတယ်။ မိန်းမဆိုတာ အရွယ်သုံးပါးပဲ ရှိပါတယ်။

ပထမအရွယ်က မိဘကို ဒုက္ခပေးတဲ့အရွယ်။

ဒုတိယအရွယ်က ခင်ပွန်းကို ဒုက္ခပေးတဲ့အရွယ်။

တတိယအရွယ်က သမက်နဲ့ချွေးမများကို ဒုက္ခပေးတဲ့ အရွယ်ပါ။

''ဟုတ်ကဲ့ အားလုံးသိတဲ့အတိုင်း အမ်းမကြီးဆိုတာ တတိယ အရွယ်ပါ''

အမှန်တော့ ကျွန်တော်ကိုယ်တိုင် သူ့သမီးမယ်အိုဇာခေါ် သူဇာနဲ့ မပတ်သက်ခဲ့ရင် ဒီအမ်းမဆိုတာလည်းကောင်း၊ အိုဇာရဲ့ ညီမ လွန်းငွေငွေ

(ဈေးတက္ကသိုလ်)ဆိုတဲ့ အန္တိမအတ္တဘောကြီးနဲ့ သော်လည်းကောင်း ဆုံတွေ့နိုင်စရာမရှိပါဘူး။ အခုတော့ ကိုယ်တိုင် ဆတ်ဆော့မိလို့ ယခုဆိုလျှင် လက်ထက်ပွား၊ မယ်ဗလနဲ့ ဗလရှင်ဆို တဲ့ သားတစ်ယောက် သမီးတစ်ယောက် မျောက်လောင်းနှစ်ယောက် တောင် အကောင်ပေါက်ခဲ့ပါပြီ။

အိုးဟိုး...ဒီလိုပြောနေလို့ မိတ်ဆွေတို့ သိပ်စိတ်ဝင်စား မယ်မထင်ဘူး။ သူတို့ရဲ့ ကာရိုက်တာလေးသိရအောင် ကျွန်တော့် ကောင်းမှုနဲ့ နိုင်ငံခြားသွားရတဲ့ မယ်အိုဇာရဲ့ လေဆိပ်မြင်ကွင်းကို မြင်ကြည့်လိုက်ပါဦး။

ဒါဟာ ဇာတ်လမ်းအစ မဟုတ်သေးပါဘူး။

*

## အခန်း(၂)

''အီး...ဟီး...ဟီး...ဟီး''

''အား...ဟား ဟား''

''ဟီး...ရှတ်...အဟင့်''

''အဟင့်...အဟင့်''

မိတ်ဆွေ ဤအသံများမှာ ကျွန်တော့်ယောက္ခမကြီး ဒေါ်ခြူ ကြီးခေါ် အမ်းမသေလို့ ငိုကြတာဆိုပါက လွန်စွာမင်္ဂလာရှိပေလိမ့် မည်။ ယခုတော့ ဤသို့မဟုတ်။ ကျွန်တော်၏ တစ်ဦးတည်းသော မယားကြီး မယ်အိုဇာခေါ် သူဇာကြီး ပျော်ရွှင်ဖွယ်ရာ နိုင်ငံခြား (ဂျပန်)ခရီးစဉ်မှာမှ ရပ်ကွက်တွင်းမှလူများ၊ သူနှင့်ကျောင်းတက်ဖက် များ၊ သူတို့နဲ့ ခင်မင်သမျှ လူမျိုးဘာသာမရွေး အယုတ်အလတ်အမြတ် မရွေး၊ လေယာဉ်ကွင်း နားနေရာမှာ ဟိုတစ်စု သည်တစ်စုနှင့် တိုင်ဖက်၍ ထုထုငိုနေကြခြင်းဖြစ်၏ ။

ပြုံးပျော်မော်ကြွားနေတာဆိုလို့ အိုဇာတို့မိသားစုသာ ရှိ၏ ။ သူဇာ၏ ညီမ လွန်းငွေငွေဆိုလျှင် ထုံးစံအတိုင်း အလုပ်မရှိအလုပ် ရှာပြီး ဟိုဖက်ပြေးလိုက်၊ ဒီဖက်ပြေးလိုက် တုံ တုံ တုံ တုံ နှင့် အရေး ကြီးချင်ယောင်ဆောင်နေ၏ ။

တိုင်ဖက်ငိုနေသူတစ်ယောက်ယောက်က

''လွန်းငွေငွေ''

ဟုဆိုလျှင် သူက ခပ်တည်တည်နှင့်...

''နေစမ်းပါ၊ ဒီမှာအလုပ်များနေရတဲ့ကြားထဲ''

ဆိုပြီး တစ်ဖက်ပြေးသွား၏ ။

နောက်တစ်ဖက်က

''လွန်းငွေးငွေးရေ...အဟင့်''

ဆိုလျှင်

''နေစမ်းပါ၊ အလိုက်ကမ်းဆိုးကိုမသိဘူး''

ဆိုပြီး နောက်တစ်ဖက်ပြေးသွားပြန်သည်။

ဒီလိုဆိုလိုက်လို့ လွန်းငွေးငွေးခမျာ သူ့အစ်မ နိုင်ငံခြားသွား ရမှာဆိုလို့ အလုပ်တကယ်များနေတယ်လို့ ထင်လိမ့်မယ်။ မဟုတ်ဘူး ခင်ဗျ။ လေယာဉ်ရုံးထဲဝင်ပြီး တိုင်ပုတ်တမ်းကစားနေတာ။ ဒါပေမဲ့ လွန်းငွေးငွေးတို့က နိုးပဲ။ ခရီးသွားနားနေဆောင်ရှေ့နောက်ပြေးပြီး မအားချင်ယောင်ဆောင်နေတာ။

ဒါဟာ လွန်းငွေးငွေးအတွက် အင်မတန်ခက်ခဲတဲ့ အလုပ် ကြီးပါပဲ။ အမှန်ဆို သူက ဆယ့်နှစ်ရာသီအားကြီး။ ဒါကို မအားချင် ယောင်ဆောင်ရတာ အင်မတန်မှကို မလွယ်တဲ့ကိစ္စကြီးပါ။

အခုတော့ လွန်းငွေးငွေးတို့ ဒီမလွယ်တဲ့ အလုပ်ကြီးကို ပိုင်လုနီးပါးဖြစ်လာပြီ။

အိမ်မှာဆိုလည်း ကလေးထိန်းခိုင်းရင် အဝတ်ပြေးလျှော် တယ်။ အဝတ်လျှော်ပါဆို ထမင်းအိုးငှဲ့တယ်။ ထမင်းအိုးငှဲ့ပါဆို ပုစွန် ခြောက် ပလောက်၊ ပလောက်နဲ့ ကောက်စားတယ်။ အဲသည်လို အိမ်မှာထဲက လေ့ကျင့်ပါးဝနေတော့ အလုပ်များချင်ယောင်ဆောင် တဲ့ မျက်နှာကတော့ ရနေပြီ။ ခန္ဓာကိုယ်ကသာ အတ္တဘောကြီးမို့ သိပ်မလိုက်နိုင်တာ။

ဩော်...သူငယ်ပြန်နေတာလို့ ပြောရအောင်ကလည်း သူငယ်ပြန်တဲ့အရွယ်လည်းမဟုတ်။ ကျပ်မပြည့်ဘူးပြောရအောင် လည်း

ဦးနှောက်ထဲ တစ်ပြားမှကို ပါမလာတာ။ စွပ်စွဲရခက်နေပြန် ရော။ ကလေးစိတ်ပေါက်နေတာဆိုပြန်တော့လည်း ယောကျ်ားက ရပြီးပြီ။ အီးပေါလောကြီးဆိုပြန်ရင်လည်း

''အေးလေ…အဲဒါဘာဖြစ်လဲ''

ဆို ကိုယ်ပါ 'အံ့'ဆိုပြီး ခံရဦးမှာ။ မြန်မာနိုင်ငံမှာ အီးပေါ လောတွေ မှတ်ပုံတင်လုပ်ပေးရင် သူအရင်ရမှာ။

ကဲ…ထားပါဦး။

(နောက်မှ လွှန်းငွေးငွေးရဲ့ အလုပ်ရှုပ်ချင်ယောင်ဆောင် နည်းတွေ ကျမ်းတစ်အုပ်ပြုစုပြမယ်။) အခုတော့ အိုဇာရဲ့ ပထမယောကျ်ား။ (ဒုတိယက မယူရ သေးပေမဲ့ ဒါကြီးကို ပထမဆုံးယူထားတဲ့အတွက် ပထမယောကျ်ား ပဲပေါ့) ဝကြီးကိုယ်တိုင် အံ့အားသင့်နေရလေပြီ။

ခါတိုင်းဆို အိမ်နီးချင်းရော၊ ပတ်ဝန်းကျင်နဲ့ပါ တည့်လွှန်းလှ ဆယ့်ငါးမိနစ်။ ဆယ့်ငါးမိနစ်သာ အိုဇာတို့သားအမိများနဲ့ လေပေး ဖြောင့်ရင် ဂင်းနစ်စံချိန်ထဲ ထည့်ပေးလို့ရပြီ။ အဲ…အခု အိုဇာကြီး နိုင်ငံခြားသွားမယ်ဆိုတော့မှ လွှမ်းလွှမ်းဆွေးဆွေး ရင်ကွဲနာအပြည့် ပေးပြီး ခရီးသွားနားနေဆောင်မှာ တိုင်ဖက်ငိုနေကြတော့ ဝကြီးခမျာ အံ့အားမသင့်ဘဲ မနေနိုင်ဘူး။

''အေးလေ…သူတို့ခမျာ ရှိတုန်းသာ မသိချင်ယောင် ဆောင်နေကြတာ၊ မမျှော်လင့်ဘဲ ခွဲရမယ်ဆိုတော့လည်း အတော် ချစ်ကြသား''

ဝကြီးရင်ထဲ ခံစားလို့မကောင်း ဖြစ်သွားသည်။

အိုဇာရဲ့ မွေးသမိခင် အမ်းမကြီးကတော့ လွှမ်းရကောင်း မှန်းလည်းမသိ။ ပျော်ရကောင်းမှန်းလည်းမသိဘဲ ပါလာသည့် နို့မှုန့် ထုပ်ကို ဖောက်သောက်လိုက်၊ လိုင်ချီး(စ်)သီးကို နှိုက်စားလိုက်နှင့် သူ့ဘာသာသူ

အဆင်ပြေနေသည်။

''အဟင့်...အဟင့်...အဟင့်''

နံဘေးနားမှာ ရပ်ကွက်တွင်း ဝက်စာလှည့်ထမ်းသည့် မသန်းဝင်းကပါ ဝတ်လာသည့်ထဘီစုတ်နှင့် မျက်ရည်ပင့်သုတ်နေ တာမြင်တော့ စိတ်မကောင်းဖြစ်မိသေး၏ ။

''သြော်...ခများတွေ ငါ့မိန်းမကိုတော့ အတော်ချစ်ကြ သား''

ဂုဏ်တောင်ယူလိုက်မိသေး၏ ။ နှစ်သိမ့်ဖို့ကလည်း ဘယ်က စပြီး နှစ်သိမ့်ရမှန်းမသိ။ အားလုံးက မျက်ရည်နှင့်မျက်ခွက်ဆိုတော့ လေ။ နိုင်ငံခြားသွားရမယ်ဆိုတော့ ဂုဏ်ယူအားကျမျက်ရည် ဖြစ်နိုင်သည်။

ဝကြီး ပြန်စဉ်းစားမိသည်။ လူတစ်ယောက် နိုင်ငံခြားသွားဖို့ ဆိုတာ လွယ်သည့်ကိစ္စတော့မဟုတ်။ မယ်အိုဇာကြီး သူ့ဘာသာသူ လုံးပန်းပြီး နိုင်ငံခြားသွားရသည်ဆိုသော်ငြား ကုန်လိုက်သည့်ငွေက သောက်သောက်လဲ။ ဗီဇာ၊ လေယာဉ်လက်မှတ်ခ၊ ပို့ပေးသည့်အဖွဲ့ အစည်း စသည်များကို ငွေလမ်းခင်းရသည့်အပြင် နိုင်ငံခြားရောက် လျှင် လတ်တလောသုံးဖို့ဆိုပြီး ဒေါ်လာတစ်ထောင်ရှာပေးရ၏ ။

သွားနေကျသူများက

''ဒေါ်လာတစ်ရာဆို ရပါပြီ၊ ဟိုရောက်တာနဲ့ စတိုင်ပင်က တန်းထုတ်လို့ရတယ်''

ဆိုတာကို ဝကြီးအိုဇာက မဟုတ်။ သူ့ရဲ့အိုလွန်းသော မျက်နှာကို ထပ်အိုချလိုက်ပြီး...

''အို...သူတို့တုန်းက အဆင်ပြေပေမဲ့ ကိုယ်သွားတော့မှ အဆင်မပြေရင် ဘယ့်နှယ်လုပ်မှာလဲ၊ လိုလိုမယ်မယ် တစ်ထောင် တော့ ယူသွားမှ''

ဝကြီးခများလည်း သင်းနဲ့ဝေး ပြီးရောဆိုပြီး ရှာပေးလိုက်ရ တာ။ ဟော ကြည့်စမ်း အခု သူ နိုင်ငံခြားသွားမယ်ဆိုမှ အရင်က ရန်ဖြစ်နေကျတွေ တိုင်ထုငိုနေရှာတာမြင်တော့ ဝကြီး စိတ်သက် သာရာရ၏ ။

''အိုဇာခများ တော်ရှာပါတယ်၊ ကြည့်စမ်း သူ နိုင်ငံခြားသွား မယ်ဆိုမှ ရပ်ကွက်ထဲကလူများရဲ့ မသိစိတ်ထဲ ကိန်းအောင်းနေတဲ့ ချစ်စိတ်တွေပေါ်လာပြီ၊ ဒါကြောင့် မျက်ရည်မဆည်နိုင် ဖြစ်နေကြတာပဲ''

ဝကြီး ပီတိမျက်ရည်ပင် ဝိုင်းသွားမိ၏ ။

အိုဇာကို ဝေ့ကြည့်မိတော့ အရိပ်အယောင်မျှ မမြင်ရ။

သွားကာနီး၊ လာကာနီး လေယာဉ်ရုံးထဲက ပြန်ထွက်လာတာ ကို မမြင်ရ။ ချစ်၍ ငိုယိုနေကြသူတွေကို ဝကြီး မည်သို့နှုတ်သိမ့်ရမည် မသိ။

လွှန်းဌေးဌေးကလည်း တိုင်ပုတ်တမ်းကစားနေတုန်း။

မတတ်သာသည့်အဆုံး ဝကြီးမှပင် တိုင်ဖက်ငိုကြွေးနေသူ တစ်ဖွဲ့ဆီသွားပြီး နှုတ်သိမ့်လိုက်ရသည်။

''အေးဗျာ...ခွဲတာတော့လည်း ခွဲရတာ ပေါ့ဗျာ၊ ကျွန်တော် ကိုယ်တိုင်လည်း ခွဲရလို့ စိတ်မကောင်းဖြစ်တာပဲ၊ ဒါပေမဲ့ နှစ်နှစ်ဆို တာ မကြာပါဘူးလေ၊ ဟေး ဟေး''

ဝကြီး၏ စကားကြားတော့ လမ်းထိပ်နားက အိုဇာနှင့် ဆယ်မိနစ်စကားပြောဖူးသော အရီးက...

''မကြာဘူး ဟုတ်လား၊ အဲဒီ နှစ်နှစ်အတွင်း သူ ကျွန်မဆီက ချေးထားတဲ့အကြွေး ဘယ်သူဆပ်မှာတုန်း၊ ဟီး''

''ဟမ်''

အရီးစကားကြောင့် ဝကြီးကြောင်သွားသည်။ ဒါကို ဝက် သူဌေး

ခင်သန်းဦးကဝင်၍ ...

''ဟီး...ကောင်မ မျက်နှာပြောင်တိုက်တယ်၊ သူဂျပန်သွား ကာနီးကျရင် ယူထားတဲ့အကြွေး အကုန်ပြန်ဆပ်မယ်ဆိုပြီး အခု လေယာဉ်ကွင်းထိတောင် မဆပ်သေးဘူး၊ ကျုပ်အကြွေးတော့ ဆုံးပြီ လားမသိပါဘူးတော်၊ ဟီး''

ဒါကို ဝက်စာထမ်းသော မသန်းဝင်းကပါ

''ကျုပ်မှာလည်း ဝက်စာထမ်းပြီး ရှာထားတဲ့ငွေငါးထောင် ရှိစုမဲ့စုလေး ရအောင်ကပ်ချေးသွားတာပါတော်၊ ဂျပန်သွားကာနီးရင် ဝတ်စုံစရိတ် ခုနစ်ရာရမယ်တဲ့၊ အဲဒီ တော့ကျရင် ပြန်ဆပ်ပါ့မယ်တဲ့၊ အခုတော့ အခုတော့ လဲနေပါတယ်ဆိုမှ သူခိုးက ဝင်ထောင်းပြီ၊ ဟီး''''အုံ့(မ်)''

အားလုံးစကားကြောင့် ဝကြီး ကြောင်သွားသည်။ အမှန် တော့ တစ်ရပ်ကွက်လုံး လေဆိပ်လာပြီး ငိုပွဲဆင်နေကြသည်မှာ သူ့မိန်းမအိုဇာကို ချစ်၍ မဟုတ်။ မယ်အိုဇာတို့ ဂျပန်အကြောင်းပြု ၍ ချေးထားသောငွေများကို ပြန်မရတော့ပြီသိ၍ လေဆိပ်ထဲ နာရေး သဖွယ် လာရောက်ငိုကြွေးနေကြခြင်းဖြစ်၏ ။

''ကောင်မ...သူ့အကြွေးတွေပေးရမယ်မှန်း သိလို့ လေယာဉ်ရုံးထဲကကို ပြန်မထွက်လာဘူး တွေ့လား အီး...အီး''

''ဟမ်''

ထိုတော့မှ ဝကြီး သဘောပေါက်သည်။ သွားကာနီး လာကာ နီး မိဘ၊ လင်သား၊ သားသမီးများကိုပင် နှုတ်မဆက်နိုင်ဘဲ လေယာဉ် ရုံးထဲဝင်ပြီး အပြင်းအထန် အလုပ်များနေသည်မှတ်နေတာ အမှန် တော့ ထိုသို့မဟုတ်။ အပြင်မှာ အကြွေးရှင်များရှိ၍ အပြင်မထွက်ရဲ ခြင်းသာ။

''တောက်...ဒီကောင်မတော့ကွာ''

ဝကြီးရင်ထဲ ရှက်လည်းရှက်၊ ဒေါသလည်းဖြစ်သွားမိသည်။

''ဟီး...ကျွန်မဆို စဉ်းစားကြည့်ပါဦး၊ ရပ်ကွက်ထဲ လှည့်ပြီး ပလတ်စတစ်ကောက်နေရတာ ၊ အဲဒါကို အဲဒီ ကောင်မက သူ့သားဗလ ရှင် အရုပ်နာရီလေးဝယ်ဖို့ ပိုက်ဆံမလောက်လို့ ထောင့်...ထောင့် ငါးရာလောက် ခဏလှည့်ပါဆိုလို့ ပေး ပေးလိုက်တာ အခု တစ်နှစ်ခွဲ တောင်ကျော်ပြီ ပြန်မရတော့ဘူး၊ ကျွန်မ သူ့ကိုချောင်းဖမ်းရတာ နဲ့ ပလတ်စတစ်တောင် မကောက်နိုင်တော့ဘူး၊ မိပြန်ရင်လည်း ဘာဖြစ် နေတာလဲ၊ ဂျပန်သွားရင် ပြန်ပေးမှာပေါ့တဲ့၊ အခုကြည့်ဦး အခုချိန်ထိ ပြန်မပေးသေးဘူး၊ ဟင် စပါတာကပ်(ပ်)မ၊ အာခိလိမ၊ အော်ဒစ်စီမ''

ဝကြီးမျက်နှာ ဘယ်ပြန်ထားရမှန်းတောင် မသိတော့။ ပလတ်စတစ်ကောက်သူထံမှပင် အိုဇာတို့ ပိုက်ဆံချေးထားသေးသည် ပဲ။ ဤမျှလောက်အထိတော့ ဝကြီးလည်း မခံနိုင်တော့။

''ကဲ...ခင်ဗျားပိုက်ဆံ ထောင့်ငါးရာဟုတ်လား၊ ရော့ ကျွန်တော်ပြန်ပေးမယ်ဗျ၊ ငိုမနေနဲ့၊ ပြောမနေနဲ့တော့''

ဆိုပြီး အိတ်နှိုက်သည်နှင့် ဘေးနားငိုနေသူများ ဝိုင်းလာပြီး

''အို...ဒီလိုတော့ဘယ်ဖြစ်မှာလဲ၊ သူ့ကိုပေးရင် ငါ့ကိုလည်း ပေးရမှာပေါ့၊ ပြန်ပေး မီးထည့်ဖို့ ထင်းရှူးဆီဖိုး နှစ်ထောင့်နှစ်ရာ''

''ဟင်''

နောက်တစ်ယောက်ကပါ ဝင်လာ၏ ။

''ကဲ...ဗျာ ထင်းရှူးဆီဖိုး နှစ်ထောင့်နှစ်ရာ အဲဒါလည်း ပေးမယ်ဗျာ၊ မတိုးနဲ့''

သူ့စကားကို နောက်တစ်ယောက်ကပါ

''ဟဲ့...တိုးရမှာပဲ၊ သူတို့ကို ပေးမယ်ဆိုရင် ငါ့စာကလေး ခွေဖိုး နှစ်ထောင့်ရှစ်ရာပါပေး''

''ဟမ်''

''ဒါ...ဒါဆို ငါ့မုန့်ပိန္နဲ့စေ့ဖိုး သုံးထောင့်နှစ်ရာပါပေး''

''ဒါဆို ငါ့အကြွေး''

''ငါ့အကြွေး''

''ငါ့အကြွေး''

''သားသားဆီမှာလေ ဇီးထုပ်ဝယ်ဖို့ဆိုပြီး...

ချက်ချင်း ဝကြီးနား အခွန်လွတ်ဈေးတွင် ဖယောင်းတိုင်ထုပ် တိုးသလို လူတန်းကြီးဖြင့် စည်ကားသွား၏။ တစ်ရာနှစ်ရာမှစ၍ ဆယ်သိန်း၊ သိန်းနှစ်ဆယ်အထိ အရွယ်အစားစုံဆိုတော့ အားလုံး သိန်းလေးဆယ်ကျော်နေ၏။ နိုင်ငံခြားသွားရမည့် အကြောင်းပြချက် နှင့် ချေးကောင်းကောင်းနှင့် လူစုံအောင် ပတ်ချေးထားပုံရသည်။ လမ်းထဲမှ ငါးနှစ်ကျော်ကလေးမှစ၍ သေလုနီးအဘွားကြီးထိ အိုဇာ တို့ အကြွေးမယူဖူးသူမရှိ။ ဤမျှလောက် များနေပြန်တော့လည်း ဝကြီး မတတ်နိုင်။ ထို့ကြောင့်သာ...

''ဟာ...ဒီလောက်ကြီး များနေတော့လည်း ကျုပ်လည်း ဘယ်တတ်နိုင်မှာလဲဗျ၊ ခင်ဗျားတို့ရဲ့လုပ်ပုံက လေဆိပ်ထဲဝင်ပြီး ဆူပူတယ်ဆိုပြီး အဖမ်းခံနေရပါဦးမယ်၊ ကဲဗျာ သူတို့မိသားစုနဲ့ လုပ်ထားတဲ့ကိစ္စ သူတို့နဲ့သာရှင်း၊ ဒါပဲ ကျွန်တော်က''

''ဘာဖြစ်တာလဲဟေ့''

ဝကြီး စကားမဆုံးမီ အနောက်မှ အထက်ပါအသံမြိန်မြိန် ကြီး ကြားရ၏။ လှည့်ကြည့်လိုက်တော့ ယောက္ခမ ဘီလူးဗလ။ ခယ်မ သရဲဗလနှင့်

သရဲလေးနှစ်ယောက်လုံး ခါးထောက်ပြီး မျက်နှာ မဲ့ထား၏ ။ သူတို့ နောက်ကမှ သမီးမယ်ဗလနှင့် လမ်း လျှောက်တတ်စ သားတော်မောင် ဗလရှင်။ အားလုံး တစ်ပုံစံထဲ။ ဝကြီးလည်း စိတ်တို သွားပြီး

''ဩော်...ဘာဖြစ်ရမှာလဲခင်ဗျာ မိအိုဇာ ဂျပန်သွားမယ် ဆိုပြီး အကြောင်းပြပြီး ငွေတွေချေးထားတာလေ၊ ဟောဒီမှာ တစ်ရပ်ကွက်လုံးပဲ၊ ကဲ အဲဒါဘယ်လိုရှင်းမလဲ''

ဝကြီးစကားကို ဂယောင်သရဲဗလက မျက်နှာချိုပြီး...

''အိုး...ဘာကိုဘယ်လိုရှင်းရမှာလဲ၊ ဘာရှင်းစရာရှိလို့လဲ''

''ဟ...ဘာကိုဘယ်လိုရှင်းရမှာလဲဟုတ်လား၊ ဒီမှာ ကြွေးရှင်တွေ ပြန်တောင်းပြီလေ၊ ဘယ်လိုပြန်ပေးမှာလဲ''

''အိုး...ကြွေးယူပြီး ပြန်ပေးရမယ်လို့ ဘယ်သူကပြောထားလို့လဲ၊ ရာဇဝင်ရှိလို့လား''

''ဟမ်''

မြိန်မြိန်ကြီး ထွက်လာသော ယောက္ခမဘီလူးဗလ၊ အမ်းမ ကြီးအသံကြောင့် ဝကြီး ကြောင်သွားသည်။ ဒါကိုမခံနိုင်သော မုန့်ဟင်းခါးသည် ဒေါ်မြတင်က...

''ဟင်...ကြွေးယူပြီး ပြန်မပေးလို့ရမလား၊ ရှင့်သမီးပဲ ကျွန်မဆီက မုန့်ဟင်းခါးတွေ နေ့စဉ်ကြွေးနဲ့စားပြီး ငွေတောင် ငါးထောင်ထပ်ချေးသွားတာလေ''

''အို...ဒါက နင်ကျေနပ်လို့ချေးတာပဲ၊ ငါတို့လည်း ငါတို့ ကျေနပ်ရင် ပြန်ဆပ်မယ်၊ ဒါပဲ''

သူ့ဟာနဲ့သူတော့လည်း ဟုတ်နေသည်။ ကျေနပ်လို့ချေးထား တဲ့ကိစ္စ ကျေနပ်မှပဲ ပြန်ဆပ်မှာပေါ့၊ ဝကြီး ကျေနပ်သွားသော်လည်း မကျေနပ်သူများက...

''ဘာ…ကျေနပ်မှုပြန်ဆပ်မှာ ဟုတ်လား၊ မျက်နှာက ပြောင်လှချည်လား၊ ငါ့ဆီကယူတုန်းက ဒီမျက်နှာမဟုတ်ပါဘူး၊ သေနာမတွေရဲ့''

''အေး…မဟုတ်တော့ဘာလုပ်ချင်လဲ''

အီးဘောလောသရဲဗလက သူ့ဗလထုတ်ရင်းပြောသည်။ ဒါကို တစ်ရပ်ကွက်လုံးကလည်း မခံနိုင်တော့ပြီမို့…

''အေး…ဟောဒီလိုပဲလုပ်ချင်တယ်ဟေ့၊ ကြွေးရှင်တွေ တက် ဟိုင်းယား''

''မ''

ကျား မအော်နိုင်တော့ ယောက္ခမကလည်း အော်မိအော်ရာ အော်ပြီး အသင့်ပြင်သည်။''ဟိုင်းယား''

''ကဲဟာ''

''ဆွဲဖြဲ…ဆွဲဖြဲပါဟ၊ မျက်နှာကို''

''အင်းဟာ…အင်းဟာ''

အခြေအနေက ရုတ်ခြည်းပြောင်းသွားသည်။ ဝကြီး ယောက္ခမနှင့် ခယ်မကို တစ်ရပ်ကွက်လုံးက ဝင်လုံးသည်။ လေဆိပ် တစ်ခုလုံး ဝရုန်းသုန်းကားဖြစ်သွား၏ ။ ဟိုကလည်း မခံနိုင်အောင် ပြန်လုံးသည်။ ဒီကြားထဲ ကြွေးရှင်များရှိ၍ လေဆိပ်ရုံးထဲ ဝင်ပုန်းနေ သော မိန်းမမယ်အိုဇာက သူ့အမေနှင့် သူ့ညီမ အားရပါးရ တစ်ရပ် ကွက်လုံးနှင့် နှစ်ယောက်လုံးနေတာမြင်တော့ ဂျိုကြွပြီး ပြန်ပြေးထွက် လာကာ သူ့အမေနှင့် သူ့ညီမဖက်မှ ပျောက်ကျားစနစ်နှင့် ဝင်သမ သည်။

သူ့ခမျာ သူ့မျက်နှာကြီး လူမြင်သွားလျှင် အားလုံး ဝိုင်းဆွဲ ပြီး ကြွေးတောင်းလျှင် ဂျပန်မပြောနှင့် ပုဂံတောင် မရောက်တော့ ဖြစ်မည်စိုး၍

''အင်းဟာ…အင်းဟာ''

ဆိုပြီး နှစ်ချက်သုံးချက် ဝင်သမလိုက်၊ တိုင်နောက်သွား ပြေးပုန်းလိုက်၊ 'အင်းဟာ...အင်းဟာ'ဆိုပြီး ဝင်ချလိုက်။ ခုံအောက် ဝင်ပုန်းလိုက်နှင့် တိမ်ကြားမင်းခေါင် လုပ်နေ၏ ။ ရန်ကလည်းဖြစ်ချင် သည်။ ဂျပန်ကလည်း သွားရမှာမို့ သူ့ခမျာ မီရာအပေါက်မှ ဂလိုင် ဝင်ခေါက်နေရခြင်း ဖြစ်တော့၏ ။ သည်ကြားထဲ အမေတူသမီးသား မယ်ဗလနှင့် ဗလရှင်တို့မှာလည်း စကားသာလိပ်ပတ်လည် အောင် မပြောတတ်တာ။ ရန်ဖြစ်ဖို့ကျ ရသည်။ သူကြီးမေနှင့် ဘွားအေ ဖက်မှ ဝင်၍ ခြေသလုံးမိ ခြေသလုံးကိုက်သည်။ ထဘီမိ ထဘီဆွဲချွတ် ပေး၏ ။ ကြာတော့ အများနှင့်နှစ်ယောက် အင်အားမမျှတော့ အမ်းမ နှင့် သရဲဗလမှာ ကလေးနှစ်ကောင်ကို အလည်ထား၍ ကောင်တာ ဝင်ဝင်ဖောက်သည်။ အိုဇာကြီးက ဘေးနားက တစ်ချက်တစ်ချက် ပန်းတက်သည်။ သူ့ဘာသာသူတော့ လက်ရည်ကမျှနေသလို။ သရဲ ဗလကြီး ဖောင်းခနဲ ပယ်နယ်တီထိသည်။ သို့သော် မဖြို။ ဝကြီးလည်း ဝင်မဆွဲနိုင်။ ဝင်ဆွဲလျှင် ကိုယ်လည်း ပြန်အဆွဲခံရမည်ကိုး။ ထို့ကြောင့် နံဘေးနားက ပြေးပဲဝင်ရမလား။ ထွက်ပဲပြေးရမလား မသိ ဖြစ်နေ၏ ။

ဒီကြားထဲ ''လေဆိပ်ထဲရန်ဝင်ဖြစ်ရဲတာ တို့အမျိုးကွ''လို့ ဂုဏ်ပဲယူနေရမလားမသိ။ သိပ်မကြာလိုက်ပါ။

''ဟော့...ဟော့ ဘာဖြစ်နေတာလဲဟော့၊ ရပ်ကြစမ်း၊ ရပ်ကြ စမ်း''

လေဆိပ်ဝန်ထမ်းများ အင်နဲ့အားနဲ့ လာဝင်ဆွဲမှ လူစုကွဲ သွားသည်။ ထိုအချိန်တွင် ယောက္ခမ အမ်းမကြီးက ခေါင်းကြီးပွပြီး ထဘီအထက်ဆင်က အောက်ရောက်နေပြီ။ ခယ်မ သရဲဗလက ပါးတွင်လိမ်းလာသော သနပ်ခါးပေါ်တွင် ဖိနပ်ရာကြီးက တမင်အလှ ဆင်ထားသလို။ ဒီကြားထဲ ဖိနပ်နံပါတ် လေးဆယ့်သုံးက သုံးဆယ့် လေးဟူ၍ သူ့ပါးပေါ် ပြောင်းပြန်ကြီး ထင်နေသေး၏ ။

''ခင်ဗျားတို့ဗျာ...မကြီးမငယ်နဲ့ ရန်ဖြစ်စရာရှားလို့ လေဆိပ်ထဲ ရန်ဝင်ဖြစ်ရတယ်လို့''

''သွားကြ...သွားကြ၊ ထွက်သွားကြတော့၊ တခြား လူကြီး လူကောင်းတွေ အနှောင့်အယှက်ဖြစ်တယ်''

စာကလေးကြော်သည်အဆုံး ငွေတိုးချေးသူအစ ဝက်စာ ထမ်းသူအလယ်မို့ မနည်းဖျှန်ဖြေယူရသည်။ ဒါတောင် ဟိုဖက်က လည်း အခဲမကျေနိုင်သေး။ ဘယ်ကျေလိမ့်မတုန်း ကိုယ်က ကြွေးရှင် ဖြစ်ပါလျက် ကြွေးယူသမားက ပြန်ခံလုံးနေတာကိုး။

ယောက္ခမနှင့် ခယ်မခမျာလည်း တစ်ရပ်ကွက်လုံးနှင့် နှစ်ယောက်မို့ အနည်းငယ်ခံလိုက်ရသော်လည်း စိန်ခေါ်လျှင် ထဘီ ပေါ် ဝရိန်ဆော်မည်ဆိုသည့်ရုပ်နှင့် ပြင်နေတုန်း။

''ဟဲ့...လာကြလေ၊ လာကြဦးလေ၊ အောင်မလေး နင်တို့ လောက်မပြောနဲ့၊ ထောင်ထွက်ခုနစ်ယောက်နဲ့ ပြိုင်လုံးလာတာ၊ အမ်းမတဲ့၊ ဘာမှတ်လဲ''

''ဘုတ်ကြီးတဲ့ဟေ့...ကျီးကဘုတ်ကို ရိုသေရင် ဘုတ်က လည်း ကျီးကိုရိုသေမယ်၊ နင်တို့ထက် ဆယ်ဆကြီးတဲ့သူနဲ့ ငါလုံးနေကျ ဟဲ့''

''တော်ကြတော့ဗျာ၊ သွား...သွားကြတော့၊ ရန်ဖြစ်ချင် အိမ်ပြန်ဖြစ်ကြ၊ ဒါ လူကြီးလူကောင်းတွေ နားနေရာဗျ၊ ကဲ...ကဲ သွားကြ၊ သွားကြ''

လေဆိပ်ဝန်ထမ်းများက ရအောင်ဖျှန်ဖြေသည်။ ဒါကို ရပ်ကွက်သားများက

''အေး...ဒီမှာမို့ စိတ်လျှော့လိုက်တာ၊ ရပ်ကွက်ထဲပြန်လာ လိုက်စမ်းပါ၊ နင်တို့ ရှစ်စိတ်ကွဲပြီမှတ်၊ သွားပါ ဒေါက်ဖိနပ်နဲ့ ခုတ်ထုတ် မယ်''

ဒါကို အမ်းမတို့ကလည်း မခံ။

''အောင်မာ...ဖြစ်နိုင်ရင် တစ်ပွဲချင်းတောင် လုံးလိုက် ချင်သေး၊

အားလုံးအမွေးနဲ့အသားတခြားစီဖြစ်အောင် တစ် စစီတောင် ဆွဲဖြဲပစ်လိုက်ချင်သေး၊ ဟေး ဟေး လာစမ်းပါ၊ လာလိုက်စမ်းပါ''''ဆွဲဖြဲချင်လာလေ၊ ဘယ်သူပြဲမလဲ ကြည့်ရအောင်''

''အေး...လာတယ်လေ၊ လာတယ်''

အခြေအနေက ပြန်ဆိုးကုန်မည်စိုး၍ ဝကြီးမှပင် ကြားဝင်၍

''တော်...တော်ကြပါတော့ဗျာ၊ တော်ကြပါတော့၊ ကဲ အန်တီတို့ ဒေါ်ဒေါ်တို့ အိုဇာကြီးယူထားတဲ့ အကြွေးတွေကို သူ နိုင်ငံ ခြားသွားလည်း ကျွန်တော် တတ်နိုင်သလောက် ပြန်ဆပ်ပေးပါ့မယ်၊ စိတ်ချပါ''

ဝကြီးစကားကို အမ်းမကြီးက...

''အိုး...အကြွေးဆိုတာ ပြန်ဆပ်စရာလားဟဲ့... ငတုံးရဲ့''

သရဲဗလမှပင် သံယောင်လိုက်၍ ...

''ဟုတ်ပ့ါ...အမေရိကန်နိုင်ငံတောင် အကြွေးမကင်းဘူး၊ ဒါ သူမသိဘူးလားပဲ''

ဝကြီး တင်းသွားသည်။ ထို့ကြောင့် ယောက္ခမနှင့် ခယ်မတို့ ဖက်လှည့်၍ ...

''ဒီမှာ ခင်ဗျားတို့ပါးစပ်ပိတ်ထား၊ ကျုပ်ကိစ္စ ကျုပ်ရှင်းနေ တာ၊ ဘာမှဝင်မပါနဲ့''

နှစ်ယောက်လုံး ကုပ်ချိကုပ်ချိ ဖြစ်သွား၏ ။ ဝကြီးကိုတော့ အတိအကျမကလန်ရဲ။ သမီးကလည်း သွားပြီဆိုတော့ ရိက္ခာအဖြတ် ခံရမှာစိုး၍ ဖြစ်သည်။

''ကဲ...ရပ်ကွက်က ခုနစ်ရက်သားသမီးများကလည်း ပြန်ကြပါတော့ဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်''

''အေး…ပြန်မယ်၊ ဒါပေမဲ့ ရပ်ကွက်ထိပ်ကစောင့်မယ်၊ ဒီအကြွေးတွေ မရှင်းလို့ကတော့ ဆွဲဖြုတ်တဲ့အထဲ နင်ပါပါသွားမယ်နော် ဝကြီး''

''ဟုတ်ပါပြီ၊ ဖြုပါဗျာ၊ ဖြုပါ၊ ကျွန်တော်အဖြုခံပ့ါမယ်အခုတော့ တော်တော့နော်…တော်တော့''

ဝကြီး မနည်းတောင်းပန်ယူရသည်။ အားလုံးပြန်သွားမှ လေဆိပ်တိုင်ထောင့်တစ်ခုနောက်ကွယ်မှ ဝကြီးမယား အိုဇာ ခေါင်း ပြူလာသည်။ ထိုအချိန်မှာပင်…

''ထိုင်းအဲယားဝေးမှ…''

ခရီးသည်ခေါ်သံကြားရသည်။ အိုဇာ ထွက်မလာသေး။ ဘယ်သူမှမရှိတော့မှ အိုဇာ ဝကြီးနားပြေးလာပြီး…

''ကိုဝကြီး''

''ဟေ…ဘာလဲကွ''

''ရှင့်ကိုမှာခဲ့မလို့''

ဝကြီး မျက်မှောင်ကျုံ့သွားသည်။ အိုဇာ သူ့အမေ၊ အစ်မ များကိုကြည့်၍ ကလေးတွေကို စိတ်ပူပြီထင်။

''ဟိုလေ''

''မြန်မြန်ပြော…ဟိုမှာ လေယာဉ်ထွက်ဖို့ခေါ်နေပြီ''

''အင်းပါ၊ ဟိုလေ ဟိုဖက်ရပ်ကွက်က ဦးကုလားမှာလည်း ချေးထားတာ ရှစ်သောင်းရှိသေးတယ်၊ ရှင်ပေါင်းဆပ်လိုက်နော်''

''ဟမ်''

''သွားပြီ၊ ကျွန်မ ဂျပန်သွားပြီ''

ကလေးများပင် နှုတ်မဆက်နိုင်ဘဲ လေယာဉ်ရုံးထဲ ပြေးဝင်သွားတော့၏ ။ ခပ်ဝေးဝေးရောက်မှ…

''အမ်းမတို့ ဘုတ်ကြီးတို့ ဟိုကချရင်မခံနဲ့နော်၊ ပြန်သာချ၊ မနိုင်ရင် သမီးချက်ချင်း ဂျပန်ကပြန်လာမယ်''

ဆိုပြီး မှာသေး၏ ။ ဒါကို ရှူးတူးပေါတောအမေနှင့်ညီမက လည်း…

''အေးပါ…စိတ်သာချပါ၊ အမ်းမတို့ကတော့ လယ်ဒီပဲ''

''အိုး…အမ်းမလယ်ဒီဆို လွှန်းဌေးဌေးတို့လည်း လယ်ဒီ ပဲ''

ဤသို့ဖြင့် ဝကြီးခများ…

*

# အခန်း(၃)

ဒါက မိန်းမဂျပန်အသွားပဲ ရှိပါသေးတယ်။ ဇာတ်လမ်းက မစရသေးပါဘူး။

တကယ်ဇာတ်လမ်းအစက ခုနက ဂျပန်ထွက်သွားတဲ့ မိန်းမ မယ်အိုဇာကြီး ဂျပန်ကနေ ပြန်အလာကနေ စရမှာပါပဲ။

အဲဒီ ကမှစလို့ ဝကြီးဘဝ ဘယ်လိုဖြစ်ရတယ်ဆိုတာ သိရ မှာပါ။

အဖြစ်ကိုက သိပ်ဆန်းကြယ်လှတယ်မဟုတ်ပါဘူး။ ဒီလိုဖြစ် တာ သိပ်ပြီးတော့လည်း ထူးဆန်းမှာမဟုတ်ပါဘူး။ ဘာကြောင့်လဲ ဆိုတော့ မိတ်ဆွေတို့လည်း သိမှာပါ။ ကမ္ဘာမှာအပြည်ပြည်ဆိုင်ရာ လေဆိပ်ထဲဝင်ပြီး ရန်ဖြစ်ရဲတာဆိုလို့ ဝကြီးယောက္ခမနဲ့ မူဆလင် အစွန်းရောက်တွေပဲ ရှိမှာမို့ပါ။

* * *

## အခန်း(၄)

''မေမေလာရင် အရုပ်ပါမယ်၊ မုန့်ပါမယ်၊ တုတ်ပါမယ်၊ ပါမယ်''

သားဖြစ်သူ ဗလရှင်စကားတတ်ထဲက ဘယ်သူမှ သင်ပေး စရာမလိုဘဲ ရေရွတ်နေကျ။ မှန်ပေသည်။ သူ့အမေပြန်လာရင်တော့ သူ့သားသမီးများအတွက်နှင့် လင်သားအတွက်၊ အထက်ပါကိစ္စများ ပါလာပေလိမ့်မည်။ မည်သူမဆို မိခင်စိတ်တော့ ရှိကြသည်မဟုတ် လား။ သက်တမ်းတစ်ဝက် ကျွေးမွေးလာသော လင်သား၏ တန်ဖိုး လည်း နားလည်ကြမည်လေ။ ထို့ကြောင့်...

''မေမေလာရင် အရုပ်ပါမယ်၊ မုန့်ပါမယ်၊ တုတ်ပါမယ်၊ ....လည်း ပါလာပါမယ်''

သို့သော်...

* * *